

သုဓန
အိုင်အိုလွှမ်းနောင်
နှင့်
မိုးကျရွှေကိုယ်အမှု

"စွန်ရဲတစ်ကောင်ဟာ ဝင်ဟင်ပေါ် ပျံနေပေမယ့် သူရှာဖွေနေတာကတော့ မြေပြင်ပေါ်က အစာကိုပါပဲ"

သုခနေ

"သေသော်မှ တည့် ဩော်ကောင်း၏ "

ထီးသုန်း… နန်းသုန်း၊
မြို့သုန်းသုည၊ သုန်း သုံးဝနှင့်
သုန်းရပြန်လစ်၊ သုညခေတ်ဝယ်…
လူဖြစ်ရချေ… တို့ တစ်တွေသည် …
သေသော်မှ တည့်… ဩော်ကောင်း၏ ….။

(ဆီးဘန်းနီဆရာတော်)

# နိဒါန်း

## "တယောသံရှင်"

တနင်္လာရီဒေသရှိ ကမ်းရိုးတန်း တံငါရွာလေးတစ်ရွာတွင် တံငါအလုပ်ဖြင့် အသက်မွေးသော သားအဖနှစ်ဦး ရှိလေ၏။

သားအဖနှစ်ဦးသည် နံနက်လင်းကြက်တွန်လျှင် အိပ်ရာမှ ထကာ ညနေက အကျန်ဖြစ်သော ထမင်းကြမ်းခဲနှင့် ငပိရည်ကျဲကျဲတို့ ကို အဆာပြေအဖြစ် စားသောက်ကြရလေ၏။ ထိုမှ ပြီးလျှင် တစ်နေ့တာ အလုပ်ဖြစ်သော ငါးဖမ်းရန်အတွက် ပင်လယ်ပြင်ကြီးဆီသို့ ထွက်ခွာကြရလေ၏။

၎င်းတို့ သည် တစ်နေကုန် ငါးဖမ်းရန်အတွက် တံငါလှေတစ်စီးသာ ရှိ၏။

ငါးဖမ်းလိုက်၊ ဖော့လုံး၊ ကွန် စသည် တို့ အား သူဌေးထံတွင် ငှားကာ သုံးရလေ၏။ ညနေစောင်းသည် အထိ ငါးဖမ်းပြီးလျှင် ရလာသော ငါးများအား ၎င်းတို့ ၏ သူဌေးထံသို့ မတန်တဆ ဈေးနှိမ်ခံကာ ရောင်းချရ ၏။ သို့မှ သာ နောက်ရက်များ တွင် ဆက်လက်အလုပ်လုပ်နိုင်ရန်အတွက် ကွန်၊ ပိုက်တို့ အား ငှားရမ်း၍ ရနိုင်ပေမည် မဟုတ်ပါလော။

တစ်နေ့တွင် တံငါသည် သားအဖသည် ငါးမရ၍ ခေါင်းငိုက်စိုက်ချကာ ပင်လယ်မှ ပြန်လာခဲ့ကြလေ၏။

ယနေ့သည် သူတို့ ဘဝအတွက် အရေးကြီးသော နေ့တစ်နေ့ပင် ဖြစ်သည် ။

အဘယ်ကြောင့်ဆိုသော ယနေ့တွင် သူဌေးထံမှာ ငှားထားသော ပိုက်ဖိုးငွေများ ရှင်းရပေမည်။ သို့သော် ပိုက်ဖိုးငွေ ရှင်းပေးရန် သူတို့ တွင် ငွေသည် လည်း မရှိပေ။ ငါးကလည်း မရရှိခဲ့ပေ။ ထိုအဖြစ်အပျက်သည် သူတို့ သားအဖပင် မဟုတ်ပေ။ အခြားသော ဘဂတူ တံငါသည် အတော်များများ သည် လည်း ထိုသို့ပင် ကြုံရလေ့ရှိပေသည် ။

တံငါသည် တို့ ၏ ဘဝသည် ရင်နင့်ဖွယ် ကောင်းလှပေ၏။ အဆုံးအစ မမြင်သာသော ပင်လယ်ပြင်ထဲဝယ် အသက်ကို ပဓာနမထားဘဲ စွန့်စွန့်စားစားပင် ဘဝဝမ်းစာအတွက် ရုန်းကန်လှုပ်ရှားနေရသော်ငြား ဘဝအာမခံချက် ဟူသည် ကား လုံးဝမရှိပေ။

ပင်လယ်ပြင်ကို ထွက်ပြီဆိုကတည်းက အသက်ကို တစ်ဝက်လှူပြီးသားပင်။

"ရေအဆုံး ကုန်းတစ်ဝက်" ဟူသော စကားသည် တံငါတို့ အတွက် ပြောသော စကားပင် ဖြစ်ပေလိမ့်မည်။

ပင်လယ်သည် မာယာပရိယာယ်ကြွယ်ဝသော မိန်းမတစ်ဦးကဲ့သို့ပင် အပြောင်းအလဲ မြန်တတ်လေ၏။

ထို့ကြောင့် တံငါတို့ သည် ပင်လယ်ပြင်၏ မာယာကွန်ရက်အတွင်း သက်ဆင်းခဲ့ရသည် မှာ အကြိမ်ကြိမ်အခါခါပင် ဖြစ်လေ၏။

တံငါသည် သားအဖအနက် သားဖြစ်သူသည် အကြွေးလာတောင်းမည့် သူဌေးလူယုံများကို စောင့်ဆိုင်းရင်း အဆုံးအစ မရှိသော ပင်လယ်ပြင်ဘက်သို့ ငေးကြည့်နေလေ၏။

လူငယ်၏ မျက်ဝန်းအစုံမှ မျက်ရည်ပူများ လိမ့်ခနဲ လိမ့်ခနဲ ဆင်းလာလေ၏။

လူငယ်သည် မိမိ၏ ဘဝအဖြစ်အား တွေးတောရင်း စိတ်အားငယ်နေလေ၏။

ထိုအချိန်တွင် အနောက်ဂေါရာကျွန်း ရှိမည်ထင်ရသော ပင်လယ်ပြင်တစ်နေရာအောက်သို့ လိမ့်ဆင်းရောင်သန်းနေသော နေလုံးကြီးက တဖြည်းဖြည်း ငုံ့လျှိုးနေပြီ ဖြစ်၏။

"ဟေ့ကောင်"

နောက်ဘက်မှ ခေါ်လိုက်သော မာထန်ထန် ပြတ်တောက်တောက် အသံကြောင့် လူငယ်က လှည့်ကြည့်လိုက်ပြီးလျှင် မျက်ခုံးအစုံမှာ တွန့်ခနဲ ဖြစ်သွားလေ၏။

လူငယ်သည် ကျောက်တုံးပေါ်မှ ဆင်းကာ ထိုသူများ ထံသို့ လျှောက်သွား၏။ ထိုသူများ သည် သူဌေးလူယုံများ ပင် ဖြစ်၏။ သူဌေးလူယုံကျွဲကြီးဆိုသူက လူရွယ်အား...

"ဟေ့ကောင်၊ မင်းအဖေ ဘယ်မှာ လဲ" ဟု အော်ဟစ်မေးလေ၏။

လူငယ်က ၎င်းတို့ ရှေ့တွင် ဒူးထောက်ထိုင်ချပြီး...

"အစ်ကို... ကျွန်တော်ပြောတာ နားထောင်ပါဦး..."

"တော်စမ်း... ဘာမှ မပြောနဲ့ "

"အေး... ဟုတ်တယ်... မင်းတို့ သားအဖ သူဌေးကို ဆန့်ကျင်တာမဟုတ်လား..."

"မဟုတ်ပါဘူး အစ်ကို... ကျွန်တော် ရှင်းပြပါ့မယ်"

"မလိုဘူးဟေ့ ... သူဌေးဆီမှာ ယူထားတဲ့ ပိုက်ဖိုးငွေ ဘာလို့ မပေးရတာလဲ... အဲဒီကိစ္စအတွက် သူဌေး စိတ်ဆိုးနေတယ်... နောက်နေ့ မင်း

တို့ ကို ပိုက် မငှားပေးတော့ဘူးလို့ လည်း သူဌေးက ပြောတယ်ကွ"

ဟု ပြောဆိုကြလေ၏။

လူငယ်လေးသည် ထိုလူသုံးယောက်အား ရှိခိုးမတတ်ပင် တောင်းပန်နေလေ၏။

"ကျွန်တော်... မနက်ဖြန်ညနေကျရင် ဒီနေ့အတွက်ကော၊ နက်ဖြန်အတွက်ပါ ရှာပေးပါ့မယ်ဗျာ... လုပ်ပါ..."

ဟု သနားစဖွယ် တောင်းပန်၏။

သို့သော် လူမိုက် လူရမ်းကားတစ်စုသည် ကား... လူငယ်လေးထံတွင် ပိုက်ဖိုးငွေကို မရမက တောင်းယူ လေ၏။ မရသည့်အဆုံးတွင် လူငယ်လေးတို့ သားအဖနေသော တဲအထဲမှ ကောင်းနိုးရာရာ ရှိမည်ထင်ရသော ပစ္စည်းများအား ယူငင်ကြလေ၏။

လူငယ်လေးသည် ငိုယိုတောင်းပန်ကာ သူ၏ ပစ္စည်းများကို ယူမသွားရန် ပြောဆိုကြလေ၏။

"မယူကြပါနဲ့ ဗျာ... ဒီပစ္စည်းတွေရှိမှ ကျွန်တော်တို့ ထမင်းစားရတာပါ"

"ဟာ... ဒီကောင်..."

"ချကွာ"

လူရမ်းကားသုံးယောက်သည် လူငယ်လေးအား တွန်းထိုး၍ ကန်ကျောက်နှိပ်စက်ကြလေ၏။

ထိုအခါ အပြင်မှ ပြန်လာသော ဖခင်ဖြစ်သူ တံငါသည် သည် သားဖြစ်သူလူငယ်လေးအား ရိုက်နှက်နေသူများအား တွေ့သွားလျှင် ထိုနေရာ

သို့ အပြေး လာလေ၏။

"ဟေး... မလုပ်ကြနဲ့ ... သား... သားကို မလုပ်ကြနဲ့ "

ဆလိုင်းသည် သားအား ကူညီရန် ပြေးဝင်လာသော်လည်း လူရမ်းကားသုံးယောက်၏ ဆီးကြိုမှုကြောင့် နောက်ပြန်လန်သွားရလေ၏။

"အား"

"ဆလိုင်း"

"ဖြောင်း"

လူရမ်းကား သုံးယောက်သည် တံငါသည် သားအဖအား ကန်ကျောက်နှိပ်စက်ပြီးလျှင် တဟားဟား အော်ဟစ်ရယ်မောနေ ကြလေတော့၏။

တံငါသည် သားအဖသည် လူရမ်းကားများ ၏ လက်ချက်ကြောင့် သဲပြင်ပေါ်တွင် လဲကျပြီး ညည်းညူနေကြလေ၏။

အချိန်သည် နေဝင်ပြီး လထွက်ကာစအချိန် ဖြစ်လေ၏။

လရောင်သည် ကား အုန်းပင်များ အကြားမှ သောင်ပြင်ပေါ်သို့ ယိုဖိတ်ကျလျက် ရှိချေလေ၏။

သာယာအေးချမ်းနေသော ပင်လယ်ကမ်းခြေတွင် လူရမ်းကားသုံးဦး၏ ရယ်မောသံများကလည်း လောကကို အကျည်းတန်စေလေ၏။

"ဟား ဟား ဟား ဟား"

"ဟိုး ဟိုး... အဟတ်ဟတ်"

ရယ်သံများ နှင့်အတူ ပင်လယ်လေအဝှေ့တွင် ကြားလိုက်ရသော သာယာနာပျော်ဖွယ်ကောင်းသည့် တယောသံတစ်သံသည် တစ်နေရာရာမှ နေ၍ ၄င်းတို့ ရှိရာ ပင်လယ်ကမ်းစပ်သို့ လွင့်မျော၍ လာနေလေ၏

။

ကွဲကြီးက ရယ်နေရာမှ ရပ်ကာ "ဒါတယောသံပဲကွ။ ငါတို့ ပျော်ရွှင်စရာကိစ္စ ဆောင်ရွက်နေချိန်မှာ ဒီလို ကျက်သရေယုတ်တဲ့ အသံမျိုးကို ဘယ်အကောင်က လုပ်နေတာလဲ။ အဲဒီကောင်ကို ရှာပြီး မောင်းထုတ်"ဟု တပည့်များအား ပြောဆိုလေရာ ကျန်သူများ သည် တယောသံရှင်အား နေရာအနှံ့ လှည့်ပတ်ရှာဖွေကြတော့၏။

"ဘယ်ကလာတဲ့ အသံလဲ မသိဘူး"

"ဘယ်သိမှာ လဲကွ"

ထိုအခါ ဘဖူးဆိုသူက ပင်လယ်ပြင်ဘက်သို့ကြည့်ရင်း

"ဟာ ... ဟိုမှာ ကြည့်ကြစမ်း" ဟု လက်ညှိုးထိုးပြလေ၏။

ကွဲကြီးနှင့် မောင်တုတ်သည် ဘဖူးပြရာသို့ လိုက်လံကြည့်ရှုကြပြီးလျှင် တဖြည်းဖြည်း မျက်လုံးပြူးလာကြလေ၏။

အဘယ်ကြောင့် ဆိုသော်...

ပင်လယ်ကမ်းစပ် မိမိတို့ ရှိနေရာသို့ လာနေသော လောင်းလှေတစ်စီးအား လရောင်၏ အလင်းဖြင့် တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်

။

လောင်းလှေပေါ်မှာ လူတစ်ယောက်သည် သက္ကလပ်ဦးထုတ်အား ခပ်ငိုက်ငိုက် ဆောင်းထားကာ တယောတစ်လက်အား ပခုံးပေါ်တင်၍ သံစဉ်တစ်ပုဒ်ကို ကျင်လည်စွာ ထိုးလာနေလေ၏။

ထိုသူသည် လောင်းလှေအား ကမ်းစပ်တွင် ရပ်လိုက်ပြီး ကွဲကြီးတို့ ရှိရာသို့ လျှောက်လာ၏။

တယောကိုမူ ထိုးလာဆဲပင်ဖြစ်လေ၏။

၄င်း၏ တယောသံသည် မြင့်သွားလိုက် နိမ့်သွားလိုက် အတိုးအကျယ် အတက်အကျဖြင့် ပျံ့လွင့်နေ၏။

တယောသံသည် နားထောင်ရသူအဖို့ တစ်စုံတစ်ရာအား လွမ်းသလို ဆွေးသလို ဝမ်းနည်းလာသလို ခံစားရစေမည် ဖြစ်လေ၏။

ကျွဲကြီးတို့ လူစုသည် တယောသံတွင် နစ်မျောရင်း ထိုလူအား ငေးကြည့်နေကြလေ၏။

တယောသံရှင် လူသည် ကျွဲကြီးတို့ သုံးဦးထံသို့ လျှောက် လာပြီး အနီးရောက်သည် နှင့် တယောထိုးခြင်းအား တိခနဲ ရပ်ပစ်လိုက်သည် ။

ထိုအခါ ကျွဲကြီးက သတိဝင် လာပြီး ထိုသူအား

"ခင်ဗျား... ဘယ်သူလဲ" ဟု မေးလိုက်၏။

ထိုသူက ပြုံးလိုက်ပြီးလျှင်

"လောကကြီးမှာ ကြီးနိုင်ငယ်ညှင်းလုပ်ရပ်တွေ... မတရားမှုတွေအတွက် ကူညီဖြေရှင်းပေးမယ့် လူတစ်ယောက်ပါ"

ဟု အေးဆေးစွာ ပြောဆိုလေ၏။

ဘဖူးက ၎င်း၏ ဓားမြှောင်အား ဆွဲထုတ်လိုက်ပြီးလျှင်

"ခင်ဗျား... ရှေ့မတိုးနဲ့ နော်"

ဟု တားမြစ်လေလျှင် တယောသံရှင်က တဟားဟား ရယ်မောလိုက်ပြီးနောက် တားမြစ်စကားအား ဂရုမထားဘဲ ရှေ့သို့ တစ်လှမ်းချင်း တိုး လာလေ၏။

ကျွဲကြီး၊ မောင်တုတ်နှင့် ဘဖူးတို့ သည် လက်နက်များကို ကိုယ်စီဆွဲ

ထုတ်လိုက်ပြီး တယောသံရှင်အား ဝိုင်းလိုက်ကြ၏။

တယောသံရှင်က တဟားဟား ရယ်မောပြီးလျှင် ၎င်း၏ တယောလက်ကိုင်နောက်မှ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်ရာ ထိုအရာသည် လရောင်ဖြင့် လက်ခနဲဖြစ်သွားလေ၏။

တယောသံရှင်သည် လက်ကို ဆွဲမြှောက်လျက် လေ၏ လျှင်မြန်ခြင်းဖြင့် ကိုယ်အား တစ်ဖက်လှည့်လိုက်ရာတွင် ကျွဲကြီးတို့ သုံးဦးထံမှ

"အား..." ခနဲ နာကျင်စွာ အော်ဟစ်လိုက်သံများ သည် ကိုယ်စီ ထွက်ပေါ်သွားကြလေ၏။

ထို့နောက်တွင် မူ လူရမ်းကားသုံးဦးသည် သဲပြင်ပေါ်ဝယ် လူးလိမ့်လျက် လက်များ ဖြင့် မျက်နှာအားအုပ်ကာ ညည်းတွားအော်ဟစ်နေကြလေတော့၏။

ထိုအခါတွင် တယောသံရှင်သည် တယောကို ပခုံးထက် ပြန်တင်လျက် ဘိုးတံအား ဟန်ပါပါကိုင်ပြီး လွမ်းမောဖွယ် တေးသံတစ်ပုဒ်အား တီးခတ်လေတော့၏။ ထို့နောက် သီချင်းဆုံးသွားလျှင် ၎င်းသည် ကျွဲကြီးတို့ လူစုအား အသာငဲ့ကြည့်လိုက်ကာ

"ဒီမယ် ကိုယ့်လူတို့ ... လောကကြီးမှာ မတရားမှုတွေ မရှိမှ လောကမှာ ရှိနေတဲ့ လူသားတွေ အားလုံး ငြိမ်းချမ်းလိမ့်မယ်။ မတရားမှု၊ အနိုင်ကျင့်မှုဆိုတာ သိပ်ကို ရွံ့စရာကောင်းပါတယ်။ ဒီတော့ လောကမှာ မတရားမှုကို လုပ်ချင်ရင် မတရားမှုတွေကို ဟန့်တားနေတဲ့ တယောသံရှင်ရှိတယ် ဆိုတာ အရင်ဆုံး သတိရလိုက်ပါ"

ဟု ပြောဆိုလိုက်ပြီးနောက် တယောသံရှင်သည် ဒဏ်ရာရနေသော

တံငါသည် သားအဖထံသို့သွားကာ ကူညီပြုစုပေးလေ ၏။

ပြီးလျှင် ၎င်း၏ အိတ်ထဲမှ ရူပီးငွေ (၁၀၀)ကျပ်ကို ထုတ်ယူကာ တံငါသားအဖအား ပေး လိုက်လေ၏။

တံငါသားအဖသည် ကျေးဇူးတင်စွာဖြင့် တယောသံရှင်အား ကြည့်ကာ...

"မိတ်ဆွေ... ကျုပ်တို့ ကို ကူညီခဲ့တဲ့ မိတ်ဆွေနဲ့ အမည်နာမကို သိခွင့်မရှိဘူးလား ခင်ဗျား"

ဟု မေးလေ၏။ ထိုအခါ တယောသံရှင်လူက ပြုံးလိုက်ပြီးလျှင်...

"ရှိပါတယ်ဗျာ... သိခွင့်ရှိပါတယ်။ ကျုပ်နာမည်ကို တချို့က တယောသံရှင်လို့ ခေါ်ကြသလို အချို့ကတော့ မိုးကျရွှေကိုယ် လို့ ခေါ်ကြပါတယ်"

ဟု ပြောဆိုလိုက်ပြီးနောက် ကမ်းခြေအစပ်တွင် ရပ်ထားသော လောင်းလှေကလေး ရှိရာဆီသို့ တစ်လှမ်းချင်း လျှောက်သွားလေတော့၏။ တံငါသည် လူရွယ်လေးသည် တယောသံရှင်၏ လောင်းလှေလေး ပင်လယ်ပြင်ဘက်ဆီ ပြန်လည်ထွက်ခွာသွားပုံကို မျက်စိတဆုံး ငေးကြည့်ရင်း

"မိုးကျရွှေကိုယ်"

"မိုးကျရွှေကိုယ်"

ဟူ၍ အကြိမ်ကြိမ် ရေရွတ်နေလေတော့သတည်း။

***

## "မြို့ပိုင်မင်း မောင်ညွန့်"

နယ်မြို့လေးတစ်မြို့ရှိ ဂါတ်တစ်ဂါတ်အတွင်းဝယ် အချုပ်သားတစ်ဦးအား ဖမ်းချုပ်ထားလေ၏။ အချုပ်သားတစ်ဦးအား ဖမ်းချုပ်ထားလေ၏။ အချုပ်သား တရားခံသည် နယ်ချဲ့အင်္ဂလိပ်အား ပုန်ကန်သည် ဟု စွပ်စွဲကာ မြို့ပိုင်မင်းက ဖမ်းဆီးခိုင်းခဲ့လေ၏။

အမှန်တကယ်တော့ ထိုအချုပ်သားသည် သာမန် ရိုးရိုးသားသား လက်လုပ်လက်စား တစ်ဦးပင် ဖြစ်လေ၏။

ထိုကုန်သည် လေးမှာ ကိုမြဆွေဟူ၍ ဖြစ်ပြီး ၎င်းတွင် အသက် (၁၈) နှစ်အရွယ် မမြမေ ဟူသော ညီမငယ်တစ်ဦးရှိလေ၏။

၎င်းမမြမေသည် အသက်ငယ်သော်ငြားလည်း ချောမောလှပပြီး ကိုယ်လုံးကိုယ်ပေါက် ကောင်းလေ၏။

ကိုမြဆွေနှင့် မမြမေတို့ မောင်နှမသည် ရိုးသားကြသူများ ဖြစ်သဖြင့် သူတစ်ပါး၏ မတရား အကောက်ကြံခြင်းကို ခံရခြင်းသာ ဖြစ်လေ၏။ မမြမေသည် အစ်ကိုဖြစ်သူအား အားကိုးနေရသူ ဖြစ်လေ၍ အစ်ကိုဖြစ်သူ အချုပ်ကျသောအခါတွင် လွန်စွာ ပူပင်သောကရောက်ပြီး အစ်ကိုဖြစ်သူ အချုပ်အနှောင်မှ လွတ်ရန်အတွက် အရာရာကို ပေးဆပ်ရန် အသင့်ဖြစ်နေလေ၏။

ကိုမြဆွေအား သူပုန်ဟု စွပ်စွဲသူမှာ မြို့ပိုင်အသစ်ဦးမောင်ညွန့် ဖြစ်၏။

မောင်ညွန့်သည် မြို့ပိုင် ဆိုသော်လည်း လွန်စွာမှ ပင် နာမည်ဆိုးနှင့် ကျော်ကြားသူဖြစ်လေ၏။ ယခင်က ညောင်တုန်းမြို့တွင် တာဝန်ကျခဲ့ သော်လည်း လာဘ်စားခြင်း၊ အမျိုးကောင်း မြန်မာ မိန်းမပျိုလေးများ အား ခြေတော်တင်ခြင်း စသော ပြစ်မှုများကြောင့် နယ်မြို့သို့ ပြောင်းရွှေ့ခြင်းခံရသူ ဖြစ်လေ၏။

ယခုမြို့ငယ်လေးသို့ ရောက်သော်ငြားလည်း ရောက်ပြီးသော ရက်ပိုင်းတွင် ပင် ထိုဇာတိ မြို့သူတစ်ဦး ဖြစ်သည့် မစံပယ်ဆိုသော မိန်းမပျို အား မတရားအမှုဆင်၍ ခြေတော်တင်ခဲ့ပြန်၏။

ယခုလည်း မြို့ပိုင်မောင်ညွန့်သည် မမြမေအား လာမည့် စနေနေ့တွင် တွေ့ဆုံပြီး ဆွေးနွေးကြမည်ဟု ချိန်းဆိုထားပြန်လေသည် ။

မမြမေသည် တစ်ချိန်လုံးပင် ငိုထားရသဖြင့် မျက်ခွံများ ပင် ဖောင်း အစ်နီမြန်းနေချေပြီ။

မမြမေသည် စနေနေ့ညနေတွင် ငွေများ စွာကို ချေးငှားလျက် အိတ်ထဲထည့်ယူခဲ့ကာ မြို့ပိုင်မင်းအိမ်သို့ ရထားလုံးဖြင့် ထွက်ခဲ့ လေ၏။

မြို့ပိုင်မင်းအိမ်ရောက်လျှင် မမြမေသည် ကြောက်ရွံ့နေမိ၏။

မြို့ပိုင်မင်းမောင်ညွန့်သည် အရက်နှင့်ကြက်သားကြော်၊ အာလူးကြော်တို့ အား မြည်းကာ ဇိမ်ကျနေသည် ကို မြင်ရ၏။

မမြမေက အိမ်ပေါ်သို့ တက်ကာ

"မြို့ပိုင်မင်းရှင့်"ဟု အသံပေးလိုက်၏။

ထိုအခါ မြို့ပိုင်မောင်ညွှန့်က

"လာခဲ့ဟေ့... ဧည့်ခန်းထဲမှာ ငါရှိတယ်" ဟု ပြန်အော်ပြောလေ၏။

မမြမေသည် ရင်ထိတ်စွာဖြင့် မောင်ညွှန့်ရှိရာ ဧည့်ခန်းထဲသို့ ဝင်ခဲ့လေ၏။

မောင်ညွှန့်သည် မမြမေ၏ လှပသောခန္ဓာကိုယ်အား စားတော့ ဝါးတော့မတတ် ကြည့်ပြီးလျှင်

"ထိုင်ပါ ညီမလေး"ဟု ဖိတ်မန္တကပြုလေ၏။

မမြမေက

"ဟို... ကျွန်မရဲ့ အစ်ကိုကိစ္စလေး... အဆင်ပြေအောင် ကူညီပေးပါလား မြို့ပိုင်မင်းရယ်"

"ဟာ... လုပ်ပေးရမှာ ပေါ့၊ ဒါပေမဲ့ မြဆွေက နေမဝင်အင်ပါယာကို အာခံတဲ့ လူ ဖြစ်နေတယ် ဆိုတော့"

"မဟုတ်ရပါဘူးရှင်။ ကျွန်မအစ်ကို ကိုမြဆွေဟာ ရိုးရိုးသားသားနဲ့ လုပ်ကိုင်စားနေသူပါ။ အထင်မှားတာပဲ ဖြစ်ပါတယ်ရှင်"

"သြော်... ဟုတ်လား။ ဒါ ဆိုရင်တော့ အဆင်ပြေစေရပါမယ်။ မြဆွေကို အချုပ်အနှောင်က လွတ်အောင် ကျုပ် ကူညီနိုင်ပါတယ်။ အဟင်းဟင်း ... ဒါပေမဲ့ ညီမလေးက သိတတ်ရမယ်လေ"

မမြမေက

"ရှင်... ဟုတ်ကဲ့... ဘယ်လိုသိတတ်ရမှာ လဲဆိုတော့ အမိန့်ရှိပါရှင့်။ ဒီအတွက် ငွေဘယ်လို ကန်တော့ရမှာ လဲဟင်"

ဟု မေးလေ၏။

မောင်ညွှန့်သည် မမြမေနံဘေးခုံသို့ တိုးကပ် လာပြီးလျှင် တစ်စုံတစ်ရာကို တီးတိုးပြောဆိုလေ၏။

မောင်ညွှန့်စကားကြောင့် မမြမေက ခေါင်းခါယမ်းပြီး

"ဟင်အင်း... ဟင်အင်း... ဒါတော့ မဖြစ်နိုင်ဘူး"ဟု ငြင်းဆန်လေ၏ ။

မောင်ညွှန့်က တဟီးဟီးရယ်ကာ

"ဖြစ်နိုင်ပါတယ် ညီမလေးရဲ့ ... ဖြစ်နိုင်တာမှ သိပ်သိပ်ဖြစ်နိုင်တာပေါ့"

ဟု ပြောဆိုလိုက်ပြီးလျှင် မဆိုင်းမတွပင် မမြမေအား ပွေ့ဖက်နမ်းရှုံ့လေ၏။

မမြမေက ရုန်းကန်သော်လည်း အားချင်းမမျှသဖြင့် ရေတိမ်နစ်ရမည့်ကဲ့သို့ ဖြစ်နေလေ၏။

မောင်ညွှန့်သည် မမြမေအား ပွေ့ဖက်ပြီး ၎င်း၏ အခန်းထဲသို့ ဆွဲခေါ်သွားလေ၏။ ထိုစဉ်မှာ ပင် သာယာညက်ညောသော တယောသံရှည်အား နှစ်ဦးစလုံး ကြားလိုက်ရလေ၏။

မောင်ညွှန့်သည် မမြမေအား ဖက်ထားရာမှ လွှတ်ကာ ၎င်း၏ သေနတ်အား ဆွဲထုတ်ပြီး တယောသံ လာရာဆီ မှန်းဆလျက် အိမ်နောက်ဘက်သို့ သွားလေ၏။ တယောသံက အိမ်နောက်ဖက်မှာ နေ၍ တဖြည်းဖြည်း အရှေ့ဘက်ဆီ နီးကပ်လာ၏။

မောင်ညွှန့်သည် အသံကြားရသောနေရာသို့ လှမ်းအကြည့်တွင် တယောသံက တိခနဲ ရပ်သွားလေ ၏။

တယောသံရပ်သွားသည် နှင့် အတူ အခန်းထောင့် တစ်နေရာမှ လူတစ်ယောက် ထွက် လာလေ၏။

ထိုသူသည် သက္ကလတ်ဦးထုတ်အား ခပ်ငိုက်ငိုက် ဆောင်းထား၏။ ၎င်း၏ လက်ထဲတွင် တယောတစ်လက် ကိုင်ဆောင်ထား၏။ မြို့ပိုင်မောင်ညွန့်က ထိုသူအား သေနတ်ဖြင့် ထိုးချိန်လိုက်ကာ

"မင်း... မင်း ဘယ်သူလဲ"ဟု မေး လိုက်လေ၏။

ထိုသူက ပြုံးလိုက်ရင်း ...

"သဘာဝလောကကြီးထဲမှာ အားနည်းသူနဲ့ အားကောင်းသူ နှစ်မျိုးနှစ်စားရှိတယ်။ အားကောင်းသူတွေဟာ အားနည်းသူတွေကို အနိုင်ကျင့်ယုတ်မာလေ့လည်း ရှိကြတယ်။ ကျုပ်ကတော့ အားနည်းသူတွေကို ဂုတ်သွေးစုပ်နေတဲ့ မျက်နှာဖြူ နောက်လိုက် အကျင့်ဆိုးတွေကို သုတ်သင်နေသူပဲ"

ဟု ပြောဆိုကာ မောင်ညွန့်အနီးသို့ တစ်လှမ်းချင်း လျှောက် လာလေ၏။

မောင်ညွန့်က

"ရှေ့မတိုးနဲ့ ... ရှေ့တိုးရင် အပစ်ပဲ"ဟု ပြောဆိုလေ၏။

ထိုသူက

"မင်းသေနတ်မှာ ကျည်ဆံရှိရဲ့ လား"ဟု မေး လိုက်လေရာ မောင်ညွန့်က ဇဝေဇဝါဖြင့် သေနတ်အား ပြန်ကြည့်လေသည် ။ ထို့နောက်မှ ကျည်ထည့်ထားသည် ကို အမှတ်ရသဖြင့်

"အပြည့်ပဲ"

ဟု ပြောပြီးနောက် ရှေ့တိုးလာသော တယောကိုင်လူအား ပစ်ထည့်လိုက်လေ၏။ သို့သော် သေနတ်သံသည် ဒိုင်းခနဲ မမြည်ဘဲ "ချောက်ခနဲ" သာမြည်သွားလေလျှင် မောင်ညွှန့်သည် တအံ့တဩဖြင့် သေနတ်ကိုတစ်လှည့်၊ တယောသံရှင်ကို တစ်လှည့် ကြည့်နေလေတော့၏။ ထိုသူက တဟားဟား ရယ်လိုက်ကာ

"ကျည်ဆံက ဒီမှာ ပါ မြို့ပိုင်မင်း။ ကျုပ်က မြို့ပိုင်မင်း နွားသိုးကြိုးပြတ် ဖြစ်နေချိန် ဒီလိုရောက်လာရင် မြို့ပိုင်မင်းက ကျုပ်ကို သေနတ်နဲ့ ပစ်မယ်မှန်း ကြိုတွက်ထားပြီးသားပါ။ ဒါကြောင့် စောစောက မမြမေဆိုတဲ့ မိန်းကလေး မလာခင်၊ မြို့ပိုင်မင်း အရက်သောက်နေချိန်မှာ ကျုပ်က အိမ်ထဲကြိုဝင်ပြီး ကျည်ဆန်တွေကို ကြိုပြီး ထုတ်ထားလိုက်တာ"

ဟု ရှင်းပြရင်း လက်ဝါးကို ဖြန့်ပြလိုက်ရာ သေနတ်ကျည်ဆန်များကို မြင်ရလေ၏။ ထိုအခါတွင် မောင်ညွှန့်သည် ထိတ်လန့်တကြားဖြစ်သွားကာ ၎င်း၏ တပည့်များအား အော်ခေါ်လေ၏။ သို့သော် ၎င်းက ကြိုတင်ရှောင်ခိုင်းထားသဖြင့် တပည့်များ မရှိကြပေ။ ခေါ်သံကို မကြားနိုင်ကြပေ။

တယောနှင့်လူက မောင်ညွှန့်၏ မျက်နှာအား လက်သီးဖြင့် ခွပ်ခနဲ ထိုးချလိုက်၏။ မောင်ညွှန့် လဲကျသွားလျှင် ၎င်းက အသင့်ယူလာသောကြိုးဖြင့် မောင်ညွှန့်အား တုတ်နှောင် လိုက်လေ၏။

ပြီးလျှင် ၎င်းရေးထားသော စာရွက်တစ်ရွက်အား မောင်ညွှန့်ကို ထုတ်ပြလေ၏။ စာရွက်ထဲတွင် မောင်မြဆွေထံတွင် အပြစ်မရှိကြောင်း၊ လွှတ်ပေးရမည်ဖြစ်ကြောင်း လက်နှိပ်စက်ဖြင့် ရိုက်ကာ ရေးထားပြီး၊ ထိုစာ၏ အောက်ခြေတွင် မောင်ညွှန့်၏ လက်မှတ်အား ထိုးခိုင်းလေ၏။ ထို့နောက်တွင် တယောသံရှင်က

"မြို့ပိုင်မင်းမှာ ပြစ်မှုတွေသိပ်ကိုများ လှတယ်။ ဒါပေမဲ့ အပြစ်တကယ်ရှိတဲ့ မြို့ပိုင်မင်းကို ဘယ်သူကမှ အပြစ်ဒဏ်မပေးကြဘူး။ အင်္ဂလိပ်အစိုးရကလည်း အပြစ်မပေးဘူး။ ဒီတော့ အပြစ်ရှိလျက်နဲ့ အပြစ်ပေးမခံရတဲ့ မြို့ပိုင်မင်းကို ကျုပ်အနေနဲ့ လောကကြီးကိုယ်စား အပြစ်ပေးရမယ်"

ဟု ပြောဆိုလိုက်ပြီးလျှင် မောင်ညွှန့်၏ မျက်နှာအား လက်သီးဖြင့် တခွပ်ခွပ် ထိုးလေတော့၏။

ပြီးလျှင် လက်သီးချက်ကြောင့် ပျော့ခွေနေပြီဖြစ်သော မြို့ပိုင်မောင်ညွှန့်၏ နှာဖူးပြောင်ပြောင်တွင် ဓားဦးဖြင့် တယောပုံကို ခြစ်ရေးလေ၏။ ထိုအခါ မောင်ညွှန့်သည် နာကျင်မှုကြောင့် အသံကုန်အော်ဟစ်လေ၏။

နဖူးမှ သွေးများ သည် မျက်နှာပေါ်သို့ စီးကျနေကြချေသည် ။

တယောသံရှင်သည် လက်ဖျောက်တစ်ချက် တီးလိုက်ပြီးလျှင်

"ဟုတ်ပြီ… မြို့ပိုင်မင်းအတွက် သေရာပါလက်ဆောင်ပဲ၊ နောက်ပြီးကူးတို့ ခလည်း ထည့်ပေးရမယ်"

ဟု ဆိုကာ ဆယ်ပြားစေ့တစ်စေ့ကို ထုတ်၍ မောင်ညွှန့်၏ ပါးစပ်ထဲ ထိုးထည့်လိုက်၏။

ပြီးလျှင် တယောသံရှင်သည် တယောနောက်ဖုံးမှ တစ်စုံတစ်ရာအား ဆတ်ခနဲဆွဲထုတ်လိုက်၏။

မကြာမီမှာ ပင် မြို့ပိုင်မောင်ညွှန့်မှာ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီ ဖြစ်လေ၏။ ထိုအခါ တယောသံရှင်သည် မမြမေအား ခေါ်ပြီးလျှင် ဂါတ်သို့ သွား၍ ကိုမြဆွေအား မြို့ပိုင်လက်မှတ်ဖြင့် ထုတ်ခိုင်းစေလေ၏။ ၄င်းကမူ အပြင်တစ်နေရာတွင် သာ စောင့်နေ၏။

ထို့နောက် ကိုမြဆွေနှင့် မမြမေတို့ ဂါတ်ထဲမှ ထွက်လာကြသောအခါ တယောသံရှင်သည် ၄င်းတို့ မောင်နှမအား ညတွင်းချင်းပင် အခြားမြို့သို့ ပြောင်းရွှေ့ ရန် အစစ စီစဉ်၍ ကူညီလေ၏။

နောက်တစ်နေ့နံနက်တွင် ပင် မြို့ပိုင်မင်းမောင်ညွှန့်အား ရက်ရက်စက်စက် သတ်သွားသော တယောပုံသင်္ကေတနှင့် လူသတ်သမား၏ သတင်းကို သူရိယ၊ သံတော်ဆင့် စသော သတင်းစာများက ခေါင်းကြီးပိုင်း သတင်းအဖြစ် တခမ်းတနားပင် ရေးသားလေတော့သတည်း။

***